
စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# စာစီစာကုံး

# အတွေး နှင့် အရေး

ပျဉ်းမနား မောင်နီသင်း



mgyoe.com

တတိယအကြိမ်

mgyee.com

စာစီစာကုံးကို ဘယ်လိုတွေး၍
ဘယ်လို ရေးသင့်သည်ကို
စနစ်တကျ ရေးသား
ပြုစုထားပါသည်။



NF0051

1,700.00 KS

mgyee.com

mgyoe.com

စာစီစာကုံးအတွေးနှင့်အရေး။  ပျဉ်းမနားမောင်နီသင်း
စာမျက်နှာ ၁၁၃+ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၄ စိန်တိုက်စာပေ၏ ဒုတိယအကြိမ်မူ။

ရောင်းဈေး ၁၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# စာစီစာကုံး
# အတွေးနှင့်အရေး
## ပျဉ်းမနားမောင်နီသင်း

\

တတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ စာစီစာကုံး ၁

စာစီစာကုံးဟူသည်မှာ ၂

စာရေးကောင်းခြင်းဟူသည်မှာ ၅

၂။ မည်သို့တွေးမည်နည်း ၁၀

အတွေးသာလျှင် အရေးသာအံ့ ၁၀

ခေါင်းစဉ်ကြည့်ကာ တွေးကြပါ ၁၄

စာတွေခေါင်းစဉ်ဖြစ်ပါလျှင် ၁၅

ကိုယ်တွေခေါင်းစဉ်ဖြစ်ပါလျှင် ၁၅

အထူးမှတ်စရာ သိဖွယ်ရာ ၁၆

၃။ မည်သို့ ရေးမည်နည်း ၁၈

လက်ရေး ၁၈

စာလုံးပေါင်းသတ်ပုံ ၁၉

ဝေါဟာရအသုံးအနှုန်း ၂၀

ဝါကျရေးဖွဲ့မှု ၂၀

စာပိုဒ်ဖွဲ့စည်းမှု ၂၂

၄။ နမူနာပြစာစီစာကုံးများ ၂၃

ခါနွေဆန်း ၂၃

တို့ပြည်ထောင်စု ၂၅


mgyoe.com

mgyoe.com

ရိုးရာသင်္ကြန်ပွဲတော် ၂၉
ကျန်းမာမှုသည် မြတ်ဆုမွန် ၃၂
ကျွန်ုပ်၏ ချစ်သူငယ်ချင်းတစ်ယောက် ၃၅
အကျွန်ုပ်၏ဘဝခရီး ၃၈
ကျောင်းသားနှင့် အနုပညာ ၄၁
နံနက်ချိန်ခါရှုခင်းသာ ၄၄
လူမှုဝန်ထမ်းစိတ်ဓာတ်နှင့် လူငယ် ၄၇
စာရိတ္တမောင်မယ် တို့လူငယ် ၅၀
အကျွန်ုပ်၏တစ်နေ့တာကျောင်းလုပ်ငန်းများ ၅၂
ကျွန်ုပ်အား စာတစ်ပုဒ်မှပေးသော အသိတရား ၅၅
မိဘမေတ္တာ ၅၈
သရုပ်ပျက်ယဉ်ကျေးမှု တားဆီးရေး ၆၁
ကုန်ခဲ့သောနှစ်ဟောင်း ၆၃
ကျောင်းစာကြည့်တိုက် ပညာရတနာသိုက် ၆၆
ယဉ်ကျေးခြင်းသည် လူ၏တန်ဖိုး ၆၉
သိပ္ပံခေတ်မှာ ယနေ့ကမ္ဘာ ၇၂
အလှူငြင်ပြို ဝန်မတိုနှင့် ၇၅
ကျေးလက်က အပြန် ၇၈
ရှာဦးဘုရားပွဲတော် ၈၁
ရဲစွမ်းသတ္တိ တို့မှာရှိ ၈၄
ကျွန်ုပ်၏ ကလေးဘဝ ၈၆
ဆရာကန်တော့ပွဲ ၈၉
မူးယစ်ဆေးဝါး မုန်တိုင်းများ ၉၂
ကိုယ်ကျင့်တရား ၉၄
ကျွန်တော် နှစ်သက်သော စာအုပ်တစ်အုပ် ၉၆
၅။ မှတ်ဖွယ်မှတ်ရာ ထိုထိုစာ ၉၉
တစ်ဆယ့်နှစ်လဘွဲ့ ၁၀၇

❑

mgyoe.com

mgyoe.com

# စာစီစာကုံး

စာစီကုံးခြင်းသည် စာအရေးအသားစွမ်းရည်များတွင် အဆင့်မြင့်ဆုံးနှင့် အနက်နဲဆုံး ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် စာစီကုံးခြင်းဟူသော စွမ်းရည်တွင် အရေးအသား စွမ်းရည်များဖြစ်သည့် လက်ရေးလက်သားပီသလှပမှု၊ စာလုံးပေါင်းသတ်ပုံ မှန်ကန်မှု၊ ဝေါဟာရ အသုံးအနှုန်း မှန်ကန်ထိရောက်မှု၊ ဝါကျကို ရေးထုံးစည်းကမ်းများနှင့်အညီ ရေးဖွဲ့မှု၊ စာပိုဒ်များကို စနစ်တကျ ဖွဲ့စည်းမှု၊ အကျဉ်းကိုအကျယ်၊ အကျယ်ကို အကျဉ်းဖြစ်အောင် ရေးသားမှုတို့သည် အလိုလို အကျုံးဝင်လျက်ရှိသောကြောင့် ဖြစ်သည်။ ထို့အပြင် စာစီစာကုံးရေးသားသူသည် ဖော်ပြပါ အရေးစွမ်းရည်များနှင့် မိမိ၏ အတွေးနှင့်စိတ်ကူးများကို လှလှပပ ဖွယ်ဖွယ်ရာရာ အချိုးညီညီနှင့် နေရာတကျဖြစ်အောင် ရေးသားရန်လည်း လိုအပ်ပေသည်။

အတွေးရှင်းမှ အရေးရှင်းလျက်၊ အရေးရှင်းပါမှ စိတ်ကူးရသော အတွေးသည်လည်း ပေါ်လွင်မည်ဖြစ်ရာ စာစီစာကုံးအတွေးနှင့် အရေး၏ ဆက်စပ်ပုံကို လေ့လာရန် လိုအပ်မည်ဖြစ်ပေသည်။

စာစီစာကုံးအတွေးနှင့်အရေး ဆက်စပ်ပုံကို မလေ့လာခင် ကျောင်းသားလူငယ်တို့သည် စာစီစာကုံးနှင့် ပတ်သက်သည့် အဆိုအမိန့်များနှင့် စာရေးကောင်းခြင်း၏ အင်္ဂါများနှင့် ပတ်သက်သည့် အဆိုအမိန့်များကို

mgyoe.com

လည်း သိရှိသင့်သည်ဟု ယူဆသဖြင့် အောက်၌ စာစီစာကုံးဟူသည်မှာနှင့် စာရေးကောင်းခြင်းဟူသည်မှာဟူသော ခေါင်းစဉ်နှစ်ခုဖြင့် ထိုအဆိုအမိန့် အချို့ကို စီကာစဉ်ကာ ဖော်ပြလိုက်ပါ၏။ ကျောင်းသားတို့ မှတ်သားလွယ် အောင် ရည်စူးသဖြင့် အဆိုအမိန့်နှင့် ဆိုမိန့်သူတို့ကိုသာ ဖော်ပြလိုက်ပါ၏။ ဦးစွာ လေ့လာကြပါကုန်။ ဆင်ခြင်ကြပါကုန်။

## စာစီစာကုံးဟူသည်မှာ

၁။ ပြင်သစ်ဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် အက်ဆေးဟုခေါ်သော စာစီစာကုံးမျိုးကို မြန်မာဘာသာတို့ဖြင့် အစမ်းစာဟု ပြန်ဆိုသုံးနှုန်းကြလေသည်။ ၎င်းအစမ်းစာဆိုသည်မှာ အကြောင်းအရာတစ်ရပ်ကို မိမိ၏ ထင်မြင်ယူဆချက်များဖြင့် စနစ်တကျ စမ်းသပ်ရေးသားဖွဲ့ဆိုထားသော စာစီစာကုံးမျိုးကို ဆိုလိုသည်။

ဦးအုန်းမောင်

၂။ စာစီစာကုံးဟူသည်ကား အဘယ်နည်း။ သင့်လျော်သော စကားကို သင့်လျော်သော နေရာမှာ သုံးခြင်းသည် စာစီစာကုံး မည်၏။

ဦးလူဖေဝင်း

၃။ စာစီစာကုံးပညာဆိုသည်ကား လူတို့ထင်မြင်ကြားသိကြသော အကြောင်းအရာ တစ်ခုခုကို စာအားဖြင့် သဒ္ဒါနည်းအတိုင်း စီကာရေးသားသည်ကို ဆိုလိုသည်။

ဦးသာထို

၄။ သင့်မှာ စိတ်ကူးကောင်းမရှိပါက ၎င်းအကြောင်းကို မရေးသင့်ပါ။ သင်ကိုယ်တိုင် စိတ်ဝင်စားသော အကြောင်းဖြစ်ပါမှ စာဖတ်သူ စိတ်ဝင်စားမည်။ သတိပြုပါ။

ပြည်ဆရာကြီး ဦးဘော

mgyoe.com

mgyee.com


၅။ စာစီစာကုံးဆိုသည်မှာ အကြောင်းရပ်တစ်ခုခုကို စကားပြေဖြင့် ရေးသားထားသော စာဖြစ်သည်။

လန်းနားအင်္ဂလိပ်အဘိဓာန်

၆။ အက်ဆေး(စာစီစာကုံး) မှာ လူတစ်ဦး၏ စိတ်ကူးပုံကို စာဖြင့် စီစဉ်ရေးသားခြင်းဖြစ်၏။ ထို့ကြောင့် အကြံထုတ်ရာမှာအရေးကြီးသည်။ အကြံထုတ်ပြီးလျှင် မေ့မသွားစေရန် ခေါင်းစဉ်သေးများ(အောက်လိုင်း)ကို ရေးသားပြီးမှစ၍ ရေးရလေသည်။

ပြည်ဆရာကြီး ဦးဘေ

၇။ အင်္ဂလိပ်ဘာသာဖြင့် အက်ဆေးဆိုသည်မှာ အားထုတ်စမ်းသပ်ချက်ဟု အဓိပ္ပာယ်ရသည်။ သို့ဖြစ်၍ သင်ရေးသော အက်ဆေး (စာစီစာကုံး) သည် သင်ကြားဖူးသော၊ သင်မြင်ဖူးသော၊ သင်စိတ်ကူးမိသော အကြောင်းရပ်တစ်ရပ်ကို အားထုတ်စမ်းသပ်ရေးသားခြင်း ဖြစ်ပေ၏။

အယ်–တီ–ဒီဗီလာရက်

၈။ စာစီစာကုံးကိုကြည့်လိုက်ရုံမျှ ကျောင်းသား၏ ပင်ကိုဉာဏ်စွမ်းကို အကဲခတ်နိုင်၏။ စိတ်ကူးကောင်းသူ ဟုတ် မဟုတ်။ စကားအသုံးအနှုန်း ကျွမ်းကျင် မကျွမ်းကျင်။ စာဖတ်အလေ့အထများ မများ။ နားလည်သမျှ ပြန်ရေးပြနိုင်စွမ်းရှိ မရှိ။ စူးစမ်းဆင်ခြင်ဉာဏ်သုံး မသုံးစသော အချက်များကို စာစီစာကုံးတွင် အထင်းသား ပေါ်လွင်လျက်ရှိ၏။

တို့ကျောင်းသားဆုရစာစီစာကုံး ရွေးချယ်ရေးအဖွဲ့

၉။ စာစီစာကုံးသည် အတွေးတစ်ခုအား စာဖြင့် ဖော်ပြနိုင်သော စွမ်းရည်ကို စစ်ဆေးမှုဖြစ်သည်။ ထို့ကြောင့် စာစီစာကုံး ရေးသားသူသည် စီကုံးရန် အချက်အလက်အကြောင်းအရာ ကောင်းကောင်းရှိရမည်။ ထို့အပြင် အဆိုပါ အချက်အလက် အကြောင်းအရာကို ပေါ်လွင်အောင် ဖော်ပြနိုင်သော အရေးအသားစွမ်းရည်လည်း ရှိရမည်။

ဒဗလျူ–တားနား

mgyee.com

mgyoe.com

၁၀။ စာစီစာကုံးရေးရန် ခေါင်းစဉ်သည် ကျယ်ဝန်းပါသည်။ စာစီစာကုံးရေးရန် နေ့စဉ် မြင်နေကျ၊ တွေ့နေကျ၊ ကြားနေကျ အကြောင်းအရာကို မေးနိုင်သည်။ သို့တည်းမဟုတ် မိမိဖတ်ဖူးသော အကြောင်းအရာကိုလည်း မေးနိုင်သည်။

ပါမောက္ခ ဦးမောင်မောင်ကြီး

၁၁။ စာစီစာကုံးတစ်ရပ်ကို စနစ်တကျ စိတ်ကူးမပါဘဲ ရေးသား၍မရ။

အိတ်ချ်–မာတင်

၁၂။ ကျွန်တော်တို့အဖို့ ရှင်းသော၊ ပြေပြစ်သော၊ အကျိုးအကြောင်းဆက်စပ်ပြတတ်သော၊ အချက်အလက်ပြည့်ပြည့် တင်ပြတတ်သော၊ စိတ်ဝင်စားဖွယ်ကောင်းသော၊ ကိုယ်ပိုင် လက်စလက်နပြသော၊ ဖတ်နေရင်း စိတ်အာရုံ ဆွဲဆောင်သွားစေသော စာစီစာကုံးမျိုးကိုသာ ဖတ်လိုပါသည်။

ပါမောက္ခ ဦးမောင်မောင်ကြီး

၁၃။ စာစီစာကုံးရေးရာတွင် ပေးထားသောခေါင်းစဉ်၏ ဦးတည်ချက်ကို မျက်ခြည်မပြတ်စေရ။ သို့သော် ထိုဦးတည်ချက်ကိုပင် ရှုထောင့်အစုံမှ ရေးသားနိုင်ရမည်။ ထိုရှုထောင့်များကို အစီအစဉ်တကျဖြစ်အောင် ရေးသားနိုင်ရမည်။ အရေးအသားမှာ တည်ငြိမ်ပြီး စာပေဂုဏ်အင်္ဂါနှင့် ပြည့်စုံသင့်သည်။

အိတ်ချ်–မာတင်

၁၄။ ဘဝအတွေ့အကြုံ၊ သတိပြု သုံးသပ်ဆင်ခြင်စွမ်းရည်ကို စမ်းသပ်သည့်အနေဖြင့် စာစီစာကုံးမေးခွန်းကို မေးလေ့ရှိ သည်။ ပိုင်ပိုင်နိုင်နိုင်သိသည့် ခေါင်းစဉ်ကိုရွေးပါ။ ခေါင်းစဉ် နှင့် ဆီလျော်သက်ဆိုင်သည့် အချက်အလက်များကို တွေးပါ။ အချက်အလက်များကို သင့်လျော်အောင် စီစဉ်ပါ။ ထိမိသည့် စကားလုံး၊ ရှင်းလင်းပေါ်လွင်သည့် အစီအကုံးဖြင့် စ၊ လယ်၊ ဆုံး သုံးပါးသော ကောင်းခြင်းဖြင့် ပြည့်စုံအောင် ရေးပါ။

ပါမောက္ခ ဒေါ်သန်းဆွေ

mgyoe.com

mgyoe.com


## စာရေးကောင်းခြင်းဟူသည်မှာ

၁။ မိမိ၏ စိကုံးဖွဲ့နွဲ့အပ်သောစာ၌ စကားကြီးများကို မသုံးရာ။ ပေါ်ရာဏစကားကို ဖယ်ရှားရာ၏။ ပါဠိပျက်စကားများထက် မြန်မာစကားသက်သက်ကို နှစ်သက်ရာ၏။ နားလည်လွယ်သော စကားသာလျှင် သုံးစွဲရာ၏။ စကားဝေါဟာရ ရှည်ရှည်ကိုပယ်၍ ဝေါဟာရတိုတိုကို အလိုရှိရာ၏။ ဝါကျရှည်ရှည်ကို ရှောင်၍ ဝါကျတိုတိုကို ရေးသားရာ၏။

ဦးလူဖေဝင်း

၂။ စကားပြေဆိုသည်မှာ စာလုံးအရေအတွက်၊ ကာရန်အချိတ်အဆက်၊ အသံနေ အသံထား စသည်ဖြင့် မျဉ်းသတ်မှတ်မထားသော စကားသို့မဟုတ် စာ ဖြစ်သည်။

တက္ကသိုလ် မြန်မာအဘိဓာန်

၃။ စကားပြေဆိုသည်မှာ သဒ္ဒါစည်းကမ်း၊ ဝါကျဖွဲ့ထုံးစည်းကမ်းနှင့်အညီ ပြေပြေပြစ်ပြစ် စီစဉ်ဖွဲ့စည်းထားသော အရေးအဖွဲ့မျိုးကို ဆိုလိုခြင်း ဖြစ်သည်။

မောင်ခင်မင် (ဓနုဖြူ)

၄။ အသည်းနှလုံးကို တိုက်ရိုက်ထိမှန်သော မြားချက်သည် အပြင်းထန်ဆုံး ထိခိုက်မှုဖြစ်လေသည်။ စာဖတ်သူ၏ စိတ်ကို ကြည်လင်၍ သွားစေရမည်။ ရှင်းလင်း၍ သွားစေရမည်။ ဆိုလိုသော အဓိပ္ပာယ်ကို ကွက်ကွက်ကွင်းကွင်း မြင်၍ သွားစေရမည်။ အမြင့်ဆုံးသော အာရုံခံစားမှုကို ရစေရမည်။ ပြောစရာရှိက လေရှည်ဖြင့် မပြောဘဲ သင်နားလည်သလို စာဖတ်သူ နားလည်အောင် အလွယ်ဆုံးနည်း၊ အတိုဆုံးနည်းဖြင့် ပြောရမည်။ အခြားသူများ၏ ရေးပုံရေးနည်းကို စိစစ်ပါ၊ သို့သော် အတုမခိုးပါနှင့်။ ကိုယ်ပိုင်နည်းဖြင့် ရေးပါ။

ဒဂုန်ရွှေမျှား

mgyoe.com

mgyoe.com


၅။ စကားပြေကား လူနားလည်အောင် ရေးရသည်။ ကဗျာကား လူခံစားအောင် ရေးရသည်။

ဒဂုန်တာရာ

၆။ သိပ်သိပ်သည်းသည်း စာပေတည်း၊ ရေးနည်းမှန်စေလို။

ကဝိလက္ခဏာသံပေါက်

၇။ စာအရေးအသား အစီအကုံးဆိုသည်မှာ နေရာ၊ ဌာနအလိုက် သုံးစွဲရေးသားခြင်းဖြစ်ပေသည်။ မင်္ဂလာဆောင်တွင် ဖတ်ရမည့် သြဘာစာကို ဝါကျတိုတိုတောင်းတောင်းလေးနှင့် ရေးသားမည်ဆိုလျှင် လူရယ်စရာ ဖြစ်ပေလိမ့်မည်။ ထို့ပြင် တစ်ယောက်နှင့်တစ်ယောက် အချင်းဖြစ်ပွားသောအကြောင်း၊ မီးလောင်၍ ပြေးလွှားရသော အကြောင်းများကို ရေးသားသောအခါ မင်္ဂလာဆောင် သြဘာစာကဲ့သို့ ရေးသားနေမည်ဆိုလျှင် လူရယ်စရာပင် ဖြစ်သွားမည်။

သိပ္ပံမောင်ဝ

၈။ စကားပြေရေးသားရာတွင် လွန်စွာအရေးကြီးသော အချက်နှစ်ချက်ရှိ၏။ ထိုအချက်နှစ်ချက်မှာ မှန်ကန်ခြင်းနှင့် ကောင်းမွန်ခြင်းတို့ ဖြစ်၏။ မှန်ကန်ခြင်းမှာ သဒ္ဒါနှင့်ဆိုင်၍ ကောင်းမွန်ခြင်းသည် အနက်၊ အသုံးအနှုန်း၊ အတွေးအခေါ်နှင့် ဆိုင်၏။

ဒဂုန်ရွှေမျှား

၉။ စကားချီးတွေနှင့် ကဗျာဆန်ဆန် စကားပြေရေးသားခြင်းမျိုးမှာ ကောင်းပင်ကောင်းငြားသော်လည်း နားလည်နိုင်ဖို့ မလွယ်လျှင် ယောကျာ်း တို့ဖတ်ရိုက်ပြီး အလှပြင်သကဲ့သို့ ဖြစ်နေပေလိမ့်မည်။

ဦးဖေမောင်တင်

၁၀။ စာဖတ်သူများ နားလည်ရန်နှင့် စာဖတ်သူများ နှစ်သက်စွဲလမ်းလာရန် ရေးသားရာ၌ ဝါကျတိုသည်၊ ဝါကျရှည်သည် တို့မှာ အရေးကြီးသော အရာမဟုတ်။ အချို့ စာရေးကျော်

mgyoe.com

mgyoe.com


တို့သည် ဝါကျတိုတိုကလေးများဖြင့် ဖတ်သူတို့ နားပျော်လာအောင် မိမိတို့ ဆိုလိုရင်းကို ဖွင့်ဟကြသည်။ အချို့ကမူကား ဝါကျရှည်ကြီးများကို အသုံးပြုကြလေသည်။ အချို့ကလည်း ဝါကျရှည်၊ ဝါကျတိုများကို ရောနှောရေးသားလေ့ရှိကြလေသည်။ ဝါကျတိုသည်၊ ဝါကျရှည်သည်က ပဓာနမဟုတ်ပေ။ စာရေးသူ၏ စိတ်ကူးဆန်းကြယ်ခြင်း၊ စာအရေးအသားတို့၏ အစီအစဉ် ဆန်းကြယ်ခြင်းတို့ကသာလျှင် ပဓာနဖြစ်လေသည်။

သိပ္ပံမောင်ဝ

၁၁။ ကျွန်ုပ်၏ အယူအဆမှာ အဓိပ္ပာယ်အပြည့်အစုံပါစေလိုသည့် နေရာတွင် ဝါကျရှည်များကို သုံး၍ စာဖတ်သူ၏ စိတ်ကို ရုတ်တရက် လှုပ်ရှားစေလိုသည့် နေရာမျိုး၌မူ ဝါကျတိုများကို သုံး၏။

ဒဂုန်ရွှေမျှား

၁၂။ ခွန်အားရှိသောစာကို ရေးတတ်ဖို့မှာ ၁။ ရေးလိုသောအကြောင်းအရာကို ကောင်းစွာ နားလည်ခြင်း၊ ၂။ အချက်ကျကျ ရေးတတ်ခြင်း (ဝါ) သင့်တော်သော စကားလုံးကို ရွေးချယ်တတ်ခြင်းနှင့် ၃။ ကြံ့ခိုင်ကျစ်လျစ်သော ဝါကျမျိုးကို တည်ဆောက်ခြင်းတို့ လိုအပ်ပေသည်။

ရွှေဥဒေါင်း

၁၃။ စကားများလျှင် အမှားပါသည်ဟု ဆိုရိုးရှိသည့်အတိုင်း အရေးအသားမနိုင်နင်းဘဲ ဝါကျရှည်များကို သုံးလျှင် အမှားပါတတ်လေသည်။

ဇဝန

၁၄။ စကားပြေဆိုသည်မှာ ကျွန်ုပ်တို့ နေ့စဉ်ပြောနေကျ စကားများသည်ပင် စကားပြေဖြစ်၍ ယင်းတို့ကို စာဖြင့် ရေးသောအခါ၌လည်း ရိုးရိုးဝါကျကလေးများဖွဲ့၍ ရေးခြင်းသည် အရိုးဆုံး၊ အကောင်းဆုံး စကားပြေဖြစ်လာသည်။

ဒဂုန်ရွှေမျှား
mgyoe.com

mgyoe.com


၁၅။ စကားပြေကောင်း၏ အခြေခံလက္ခဏာများမှာ ၁။ မှန်ကန်မှု =သဒ္ဒါစည်းကမ်း၊ ဝါကျဖွဲ့ထုံးစည်းကမ်းတို့နှင့်အညီ မှန်မှန်ကန်ကန် ဖွဲ့ထားခြင်း၊ ၂။ ရှင်းလင်းမှု= စာရေးသားရာတွင် စကားလုံးအရ၊ ဝါကျရေးဖွဲ့မှုအရ၊ စာပိုဒ်စီစဉ်ပုံအရ ရှင်းလင်းစွာရှိခြင်း၊ ၃။ တိကျမှု= စာရေးသားရာတွင် အဓိပ္ပာယ်တိတိကျကျ ပေါ်အောင် အားထုတ်စီစဉ်ခြင်း၊ ၄။ သိပ်သည်းမှု= စကားပုံစကားထပ်များနှင့် အဓိပ္ပာယ်အရ ပိုထူးမလာစေသော အရေးအသားများ မပါတ်ခြင်း၊ ၅။ ပြေပြစ်မှု=အသံထွက်ဖတ်ပါက စကားလုံးအရ၊ ဝါကျရေးဖွဲ့မှုအရ ပြေပြစ်မှုရှိခြင်းနှင့် ၆။ လိုက်ဖက်မှု= ရေးထားသော စာသည် စာဖတ်သူ၊ ရေးသည့်အကြောင်းအရာ၊ အကြောင်းအရာ ရည်ရွယ်ချက်နှင့် လိုက်ဖက်ခြင်းဟူသော လက္ခဏာခြောက်ရပ်ဖြစ်သည်။

မောင်ခင့်မင် (ဓနုဖြူ)

၁၆။ စာအရေးအသားသိပ်သည်းဖို့၊ ကျစ်လျစ်ဖို့၊ ပွရောင်းရောင်းမရှိဖို့ အင်မတန် အရေးကြီးလာပြီး စာရေးရာမှာ အတွေးရှင်းဖို့၊ ပြီးတော့ ပြောထုံးနှင့်ညီဖို့ အရေးကြီးတယ်။ သဒ္ဒါဆိုတာ ပြောထုံးကို စနစ်တကျ ဥပဒေထုတ်ထားတာပဲ မဟုတ်လား။

ဒေါက်တာမောင်ဖြူး

၁၇။ မြန်မာစကားနဲ့ ရှင်းရှင်းတွေးပြီး မြန်မာစာနဲ့ ရှင်းရှင်းရေးတတ်ဖို့အတွက် လိုအပ်ချက်တွေ အများကြီးရှိပါတယ်။ သဒ္ဒါလည်း တတ်ရမယ်။ ဝါကျဖွဲ့ထုံးလည်း ကျွမ်းကျင်ရမယ်။ ပင့်ရစ်သတ်ပုံလည်း နိုင်ရမယ်။ စကားဝေါဟာရလည်း ကြွယ်ရမယ်။ ပတ်ဝန်းကျင်လောကကိုလည်း မြင်တတ်၊ ကြားတတ်၊ လေ့လာတတ်ရမယ်။ အဲဒီတော့မှ ရှင်းရှင်းတွေးပြီး ရှင်းရှင်းရေးနိုင်လိမ့်မယ်လို့ ယူဆပါတယ်။

မင်းသုဝဏ်

၁၈။ စကားပြေ သင်ကြားရာတွင် အထူးဂရုစိုက်သင့်သည့် အချက်များမှာ ၁။ မိမိပြောလိုသော အကြောင်းအရာကို ရှင်းရှင်းနှင့်

mgyoe.com

mgyoe.com


ထိမိအောင် ပြောတတ်ခြင်း၊ ၂။ မိမိ ကောင်းစွာ မသိသော ဝေါဟာရ စကားလုံးတို့ကို အမှတ်မဲ့သော်လည်းကောင်း၊ တမင် သော်လည်းကောင်း ထည့်သွင်းရေးသားခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ တတ်နိုင်သမျှ ဝန်ကိုသာ ထမ်း၍မနိုင်သည်ကို မထမ်းခြင်း။ ၄။ အစ အလယ် အဆုံး ညီညွတ်မျှတမှုရှိအောင် ချင့်ချိန်တိုင်းထွာတတ်ခြင်း စသည်တို့ ဖြစ်ပါသည်။

မင်းသုဝဏ်

၁၉။ ကောင်းသောစာအချို့သည် စကားအနည်းငယ်မျှဖြင့် များစွာ အဓိပ္ပာယ်ပါ၏။ စိတ်ကိုအလွန်ထိခိုက်စေ၏။ အလွန်ခရီးရောက်၏။ အချို့သော စာများမှာမူ စကားလုံးလည်း များ၏။ စာသားလည်း ရှုပ်ထွေး၏။ ဘာဆိုလိုမှန်းမသိရ၊ ပျင်းလှဖွယ်ရာ ဖြစ်၏။

ဦးလူဖေဝင်း

၂၀။ စကားပြေရေးရာ၌ ရိုးရိုးရေးရမည်။ အဓိပ္ပာယ်ရှင်းရှင်း ရေးရမည်။ ဖတ်၍ ချောအောင် ရေးရမည်။

ရွှေဥဒေါင်း

❑

mgyoe.com

mgyoe.com

# မည်သို့တွေးမည်နည်း

## အတွေးသာလျှင် အရေးသာအံ့

စာစီစာကုံး ခေါင်းစဉ်တစ်ပုဒ်ကို မောင်ဖြူနှင့် မောင်မဲတို့ ယှဉ်ပြိုင်၍ ရေးကြသည် ဆိုပါစို့။ သူတို့နှစ်ဦးသည် စာလုံးရေ ၃၀၀ စီကို အတူတူ ရေးကြ၏။ လက်ရေးလှပမှုလည်း တူ၏။ သတ်ပုံမှန်ရာ၌လည်း အတူတူ မှန်ကြ၏။ ဝါကျရေးဖွဲ့ရာတွင်လည်း အတူတူပင် မှန်ကန်ကြ၏။ သို့ရာတွင် ရသောအမှတ်ချင်း မတူ။ အဘယ်ကြောင့်ဆိုသော် အတွေးကွာသောကြောင့် ဖြစ်သည်။ သူတို့နှစ်ဦး၏ အတွေးကွာပုံကို သာဓကအဖြစ် လေ့လာကြည့်ကြစို့။

ခါနွေဆန်း (၁)

မြန်မာနိုင်ငံ၌ နွေ၊ မိုး၊ ဆောင်းဟူ၍ ရှိပါသည်။ မိုး၌ မိုးရွာ၍ ဆောင်း၌ အေးသည်။ နွေအခါ၌ ပူပြင်းလေသည်။ ခါနွေဆန်းဆိုသည်ကား လေရူးတိုက်၍ ဖုန်ထသောကာလ ဖြစ်ပေ၏။

မောင်ဖြူ

mgyoe.com

mgyoe.com


ခါနွေဆန်း (၂)

ဥသြငှက်ကလေး၏ ဥသြ ဥသြဟူသော တွန်ကျူးသံကို ကြား၍ အပြင်သို့ မျှော်ကြည့်မိပါသည်။ စာသင်ခန်းအပြင်ဘက်၌ ရွက်ခြောက် ရွက်ဝါများ တဖွဲဖွဲ ကြွေကျနေသည်ကို မြင်ရပါ၏။ မြပုရစ်ဖူးလေးများ စိမ်းလန်းနေသည်ကို တွေ့ရပါ၏။ အဝေး၌ မြူခိုးတို့ ဝေလျက်ရှိသည်။ ခါနွေဆန်းပင် ရောက်ခဲ့ပြန်ပါပြီ။

(မောင်မဲ)

အသင်သာ စာစစ်သူဆိုပါလျှင် မည်သူ၏ ခါနွေဆန်းကို ပို၍ နှစ်သက်ပါမည်နည်း။ ဒုတိယသာဓကကို ကြည့်ကြပါဦးစို့။

ရိုးရာသင်္ကြန်ပွဲတော် (၁)

မြန်မာနိုင်ငံ၌ နွဲပျော်စရာ ပွဲတော်များစွာရှိ၏။ ထိုပွဲတော်များတွင် ရိုးရာသင်္ကြန်ပွဲတော်သည် ပျော်စရာကြီး ဖြစ်လေ၏။ သင်္ကြန်ပွဲတော်တွင် ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦး ရေဖြင့်ပက်ကြလေ၏။ ပြွတ်ဖြင့် ထိုးကြလေ၏။

မောင်ဖြူ

ရိုးရာသင်္ကြန်ပွဲတော် (၂)

ကျွန်ုပ်တို့ အိမ်ခေါင်းရင်းရှိ ပိတောက်ပင်အိုမှ ရွှေဝါရောင်ပိတောက် ပန်းရနံ့သည် တစ်လမ်းလုံးကို သင်းပျံ့လျက်ရှိ၏။ ပိတောက်တွေပွင့်ပြီဟူသော အသံတို့သည် တစ်ရပ်လုံးတွင် ဆူညံလျက်ရှိ၏။ လေ လေ လေလား မောင်တို့၊ မိုး မိုး မိုးလား မောင်တို့ဟူသော သံချပ်သံတို့ကို ကြားရ၏။ ကျွန်ုပ်တို့အချိန်ကြာမြင့်စွာ စောင့်ကြိုခဲ့ရသော သင်္ကြန်ပွဲတော်ခါကား ကျရောက်ခဲ့လေပြီ။

မောင်မဲ

ဤသာဓကတွင်လည်း အတွေးသာသဖြင့် အရေးသာသော အချက်ကို ထင်ရှားစွာ လေ့လာနိုင်သည်။ အထက်က ပြခဲ့သော သာဓကတို့မှာ ဤစာအုပ်ငယ်ကို ရေးသူ၏ စိတ်ကူးဖြင့် နှိုင်းယှဉ်ပြသော သာဓက နှစ်ခု

mgyoe.com

mgype.com


ဖြစ်သည်။ ယခုဆက်၍ ကျောင်းသားတို့၏ အတွေးကွာ၍ အရေးကွာနေပုံ လက်တွေ့သာဓကဖြင့် ပြပါဦးအံ့။

ဤစာအုပ်ငယ်ကို ရေးသူသည် တောင်ငူ အ.ထ.က (၁) မှ ဒသမတန်း ကို ဂုဏ်ထူးခြောက်ဘာသာဖြင့် အောင်မြင်ခဲ့ပြီး တို့ကျောင်းသား စာစီစာကုံး ပြိုင်ပွဲတွင် ဆုအကြိမ်ကြိမ်ရရှိခဲ့သော မောင်လွဏ်းဝေအား စာစီစာကုံး သုံးပုဒ် ရေးပေးပါရန် မေတ္တာရပ်ခံခဲ့ရာ မောင်လွဏ်းဝေက ကူညီ ရေးသားပေးခဲ့ပါ၏။

အလားတူ ထိုခေါင်းစဉ်သုံးပုဒ်ကို မောင်လွဏ်းဝေနှင့် ရွယ်တူ မြန်မာစာကို သာမန်ဝါသနာပါသူ ကျောင်းသားနှစ်ဦးအားလည်း ရေးရန် အကူအညီတောင်းခဲ့ရာ သူတို့နှစ်ဦးကလည်း ကူညီခဲ့ပါ၏။

သို့ရာတွင် ထိုသုံးဦး၏ စာစီစာကုံးများမှာ အတွေးကွာသဖြင့် အရေးကွာနေပုံကို တွေ့ကြရ၏။ ရေးပေးသော စာစီစာကုံး သုံးပုဒ်အနက် နှစ်ပုဒ်၏ နိဒါန်းချီပုံတို့ကို သာဓကအဖြစ် ဖော်ပြလိုက်ပါ၏။ နှိုင်းယှဉ် လေ့လာကြည့်ကြပါ။

ပြည်ထောင်စုစိတ်ဓာတ် (၁)

ပြည်ထောင်စုမြန်မာနိုင်ငံ၌ လူမျိုးပေါင်းစုံ နေထိုင်ကြသည်။ အချင်း ချင်း ချစ်ခင်ကြကာ ဝိုင်းဝန်းစောင့်ရှောက်ကြသည်။ ထို့ကြောင့် ပြည်ထောင်စု နေ့ကို ကျိုက္ကဆံကွင်း၌ ကျင်းပကြသည်။

မောင်ကြီး

ပြည်ထောင်စုစိတ်ဓာတ် (၂)

နှစ်စဉ် ဖေဖော်ဝါရီ ၁၂ ရက်နေ့သည် ပြည်ထောင်စုနေ့ ဖြစ်သည်။ နိုင်ငံသို့ ပြည်ထောင်စု အလံတော်သည် ခရီးဆန့်ကာ တိုင်းသူပြည်သားများ က အလေးပြုကြသည်။ ပွဲလမ်းသဘင်ကို ဆင်ယင်ကြပါသည်။ အချင်းချင်း ချစ်ခင်လေးစားမှုပင် ဖြစ်ပါ၏။

မောင်ခရွေး

ပြည်ထောင်စုစိတ်ဓာတ် (၃)

မိသားစုတစ်စု၏ အသက်ကား မိသားစုစိတ်ဓာတ်ပင်တည်း။

mgype.com

mgyoe.com


ထို့အတူ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားပေါင်းစုံ၏ စုစည်းမှုဖြင့် ပေါ်ပေါက်လာသော ကျွန်တော်တို့၏ ပြည်ထောင်စု မြန်မာနိုင်ငံ၏ အသက်မှာလည်း ပြည်ထောင်စု စိတ်ဓာတ်ပင် ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စု စိတ်ဓာတ်သည်ကား တိုင်းရင်းသားတိုင်း ထာဝစဉ် ဦးထိပ်ပန်ဆင်ထားအပ်သောအရာ ဖြစ်ပါသည်။

မောင်လွဏ်းဝေ

ဒုတိယလက်တွေ့သာဓကအဖြစ် ခါနွေဆန်း၏ နိဒါန်းကို ထုတ်နုတ်၍ ဖော်ပြပါဦးမည်။

ခါနွေဆန်း (၁)

တပို့တွဲလကုန်လျှင် တပေါင်းလရောက်၍ နွေဦးပေါက်သော အချိန်ကာလကို ခါနွေဆန်းဟု ခေါ်ပါသည်။ ပူအိုက်သော ရာသီဥတုကို ကြုံရမည်ဖြစ်၍ စာမေးပွဲများကို စစ်ရန် ကျောင်းတို့၌ ပြုလုပ်ကြလေသည်။

မောင်ကကြီး

ခါနွေဆန်း (၂)

ခါနွေဆန်းကား လွမ်းဖွယ်ရာကောင်း၏။ စာမေးပွဲများ ဖြေဆိုသောအချိန်ဖြစ်ပါသည်။ ကျွန်တော်တို့ ရွာတွင် ဤအချိန်၌ ထင်းတိုက်ကြသည်။ တပေါင်းဘုရားပွဲတော်လည်း စည်စည်ကားကား ကျင်းပလေ့ရှိပါသည်။

မောင်ခခွေး

ခါနွေဆန်း (၃)

တစ်ဆောင်းနှောင်း၍ တစ်နွေသို့ ပြောင်းလေပြီ။ တစ်ပေါင်းလဆန်းပြီဆိုသည်နှင့် နွေ၏ သရုပ်သဏ္ဍာန်တို့မှာ ပီပြင်၍ လာလေသည်။ ရေမြေတောတောင် သဘာဝရှုခင်းများမှာလည်း သစ်ဆန်းကာ နွေအလှကို ဖော်ကျူးနေကြပေပြီ။ 'ရာသီတွင် စာညီ၍ ပြောပေပ၊ ကျော၍သာမြဲ' ဟု အောချလောက်အောင် သာယာလှသော နွေဂိမာန်ရာသီဦးပင်တည်း။

မောင်လွဏ်းဝေ

အတွေးကွာသဖြင့် အရေးကွာသည့်အချက်ကို သိမြင်လောက်ပါပြီ။ သို့ဖြစ်၍ စာစီစာကုံးကောင်းတစ်ပုဒ်ရေးနိုင်ရန် ထိမိသော အတွေးစိတ်ကူးရရှိ

mgyoe.com

mgyoe.com


ရန် လိုသည်မှာ ထင်ရှားလောက်ပါ၏။

## ခေါင်းစဉ်ကြည့်ကာ တွေးကြပါ

သို့သော် တွေးရာ၌ ခေါင်းစဉ်ကိုကြည့်၍၊ ခေါင်းစဉ်၏ အကျယ် အဝန်းနှင့် သဘာဝကို လေ့လာ၍ စိတ်ကူးရန် လိုအပ်၏။

စာစီစာကုံးရေးရန် ခေါင်းစဉ်တို့ကို စိတ်ဖြာစိစစ်ကြည့်လျှင် အခြေခံ အားဖြင့် နှစ်မျိုးနှစ်စားရှိသည်ဟု ဆိုနိုင်၏။ ထိုနှစ်မျိုးမှာ စာတွေ့ အလေးပေး ခေါင်းစဉ်နှင့် ကိုယ်တွေ့အလေးပေး ခေါင်းစဉ်ဟူ၍ ဖြစ်သည်။

"ဝိရိယရှေ့ဆောင် ကြံတိုင်းအောင်၊ နိုင်ငံအင်အား လူငယ်များ၊ မူးယစ် ဆေးဝါး တို့ရှောင်ရှား၊ စပါးရွှေဝါ ပြည့်ရိက္ခာ၊ စာတတ်မြောက်ရေး လုပ်အား ပေး၊ လူငယ်နှင့် စာဖတ်ခြင်း၊ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်၊ လူငယ်နှင့် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေး၊ ပြည်ထောင်စုပွဲ တို့ဆင်နွှဲ၊ မြန်မာ့ ရေနံသယံဇာတ ကြွယ်ဝတဲ့ တို့တိုင်းပြည်၊ လုပ်ခွင်နေထွက် တစ်သက် မဆင်းရဲ၊ မြန်မာ့ရုပ်မြင်သံကြား၊ လူငယ်နှင့် ပညာပေးစာစောင်များ၊ ကျန်းမာ ခြင်းသည် လာဘ်တစ်ပါး၊ ပညာပြည့်ဝနလုံးလှ၊ လသာတုန်း ဗိုင်းငင့်၊ လူငယ်နှင့် စာရိတ္တမြင့်မားရေး၊ ဘက်စုံပညာနှင့် လူငယ်၊ လူငယ်အားကစား ပွဲတော်၊ မြတ်နိုးဖွယ်ရာ မြန်မာဂီတနှင့် မြန်မာအက၊ မီးဘေးအန္တရာယ်၊ အနာမခံက အသာမစံရ၊ စုပေါင်းညီညာ အောင်ကြောင်းဖြာ၊ နိုင်ငံသား ကောင်းတစ်ဦး၏ တာဝန်များ၊ မြန်မာစာသည် တို့စာ၊ တိုင်းရင်းသားတို့၏ မြတ်နိုးဖွယ်ရာ ရိုးရာအကများ၊ လိုလျှင်ကြံဆ နည်းလမ်းရ" စသည့် ခေါင်းစဉ်တို့သည် စာတွေ့ကို အလေးပေးရမည့် ခေါင်းစဉ်များဟု ဆိုနိုင်၏။

'တစ်သက်လုံး မေ့မရသည့် ကျွန်ုပ်တို့၏ ကျောင်းကလေး၊ စိမ်းလဲ့ လဲ့ကွင်းပြင်၊ ငယ်ငယ်တုန်းက မြတ်ဆရာ၊ မွေးမေမေ၊ ဆရာကန်တော့ပွဲ၊ သင်္ကြန်ပွဲတော်၊ လသာသောည၊ ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ ငှက်ကလေးများ၊ ရောင်နီလာစ နံနက်ခင်း၊ ကျွန်ုပ်အနှစ်သက်ဆုံး ရုပ်ရှင်ကား၊ ကျွန်ုပ် အနှစ် သက်ဆုံး စာအုပ်တစ်အုပ်၊ ကျောင်းစာကြည့်တိုက် ဘဏ္ဍာတိုက်၊ ခါနွေဆန်းတော့ လွမ်းမိတယ်၊ ကျွန်ုပ်နှစ်သက်သော ပုံပြင်တစ်ပုဒ်၊ နေရီရီ၊ ကျွန်ုပ်တို့၏ စာသင်ခန်း၊ ရှင်ပြုပွဲ၊ ကျောင်းဥယျာဉ်၊ ချစ်သူငယ်ချင်း' စသော

mgyoe.com

. mgyoe.com


ခေါင်းစဉ်တို့မှာ ကိုယ်တွေ့ကို အလေးပေးရေးရမည့် ခေါင်းစဉ်များဟု ဆိုနိုင်၏။

သို့ဖြစ်၍ ခေါင်းစဉ်ကိုကြည့်၍ ခေါင်းစဉ်အမျိုးအစားသည် စာတွေ့အလေးပေးခေါင်းစဉ်လော၊ ကိုယ်တွေ့အလေးပေး ခေါင်းစဉ်လော ဟူ၍ ဦးစွာခွဲခြားကြည့်ပြီးမှ မိမိပိုင်နိုင်သော ခေါင်းစဉ်ကိုသာ ရေးသားရန် ရွေးချယ်သင့်၏။

## စာတွေ့ခေါင်းစဉ်ဖြစ်ပါလျှင်

စာတွေ့အလေးပေးခေါင်းစဉ်မျိုးကို ရေးရန်အတွက် အချက်အလက်တို့ လိုအပ်၏။ အကိုးအကားတို့လည်း လိုအပ်၏။ ကျောင်းသားတို့သည် ဤအချက်အလက်တို့ကို စာဖတ်ခြင်းဖြင့် ကြိုတင်ရယူစုဆောင်းထားအပ်၏။ ဗဟုသုတ စာအုပ်ငယ်တစ်အုပ်ကို စုဆောင်းထားပြီး ထင်ရှားသော အချက်အလက်တို့ကို ကူးမှတ်ထားသင့်သည်။ အချို့အချက်တို့ကို အစဉ်မှတ်မိအောင် အားထုတ်သင့်၏။

စာတွေ့အလေးပေးခေါင်းစဉ်များကို ရေးသားနိုင်ရန် နေ့စဉ်ထုတ်သတင်းစာများ၊ ဗဟုသုတရှိသော စာစောင်နှင့် လစဉ်ထုတ်စာစောင်များ၏ ခေါင်းကြီးပိုင်းရေးသားပုံကို လေ့လာသင့်သည်။ ထိုခေါင်းကြီးများ၏ ရေးဟန်ကိုယူ၍ မိမိကိုယ်ပိုင်ဟန်ဖြစ်သွားအောင် ကြိုတင်လေ့ကျင့်သင့်သည်။

စာစီစာကုံးတစ်ပုဒ်ရေးနိုင်အောင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် လိုသည်ကို သတိချပ်ရာသည်။ ဤစာအုပ်ငယ်၏ တစ်နေရာတွင် ကျောင်းသားတို့ လေ့လာဖတ်ရှုကျက်မှတ်ရန် 'မှတ်ဖွယ်ရာရာ ထိုထိုစာ' ဟူသော အခန်းငယ်ကို ထည့်သွင်းထားပါ၏။ ထိုအခန်းမှစာများကို လိုသလို အသုံးချနိုင်ကြပါ၏။

## ကိုယ်တွေ့ခေါင်းစဉ်ဖြစ်ပါလျှင်

ကိုယ်တွေ့ခေါင်းစဉ်မှာ ရေးသားစီကုံးရန် လွယ်သည်ဟု ထင်ရသည်။ သို့သော် စနစ်တကျ မရေးနိုင်လျှင် မထိရောက်ပါ။ အပြောမတတ်က

mgyoe.com

mgyoe.com


ဖွယ်ဖွယ်ရာရာ မဖြစ်နိုင်ပါ။ ကိုယ်တွေ့ခေါင်းစဉ်ကို စာစီကုံးရာ၌ အများအားဖြင့် ဇာတ်နာအောင် တမင်ဇာတ်လမ်းဆင်၍ ရေးကြသည်ကို အကြိမ်ကြိမ်သတိပြုမိ၏။ ဤသို့ရေးသားခြင်းကို မလိုလားအပ်ပါ။ သို့ဖြစ်၍ 'စာစီစာကုံး ရေးရန်သာ ဖြစ်သည်။ ဝတ္ထုရေးရန် မဟုတ်' ဟု တစ်ချိန်က မေးခွန်းများကို ကန့်သတ်ချက်ပြုလုပ်ခဲ့ရဖူး၏။ ကိုယ်တွေ့ကို ရေးရာ၌ သဘာဝကျရန် လိုသည်။ မိမိ၏ ခံစားမှု အတွေ့အကြုံနှင့် စိတ်ကူးတို့ကို ရိုးရိုးရှင်းရှင်း ရေးသားစီကုံးပြရမည်။ ဇာတ်နာအောင် တမင်ဇာတ်လမ်းဆင်ခြင်းကို လုံးဝရှောင်ရမည်။

*

## အထူးမှတ်စရာ သိဖွယ်ရာ

အတွေးနှင့် ပတ်သက်၍ အောက်ပါအချက်တို့ကို အထူးသိမှတ်ဖွယ်အဖြစ် မှတ်သားထားသင့်သည်။

၁။ စာတွေ့ခေါင်းစဉ်နှင့် ကိုယ်တွေ့ခေါင်းစဉ်ဟူသည်မှာ ခေါင်းစဉ်၏ အလေးပေးမှုကို စဉ်းစား၍ မှတ်သားခြင်းဖြစ်သည်။ ဤမှတ်သားခြင်းဖြင့် မိမိပိုင်နိုင်စွာ ရေးသားနိုင်မည့် ခေါင်းစဉ်ကို ရွေးချယ်ရာတွင် အထောက်အကူ ဖြစ်စေသည်။

၂။ ဤသို့ မှတ်သားထားသော်လည်း အကြောင်းအရာကို လိုက်၍ စာတွေ့နှင့် ကိုယ်တွေ့ကို ပေါင်းစပ်ရေးရသည့် အခါလည်း ရှိသည်။ ပေါင်းစပ်ရေးတတ်အောင်လည်း လေ့ကျင့်ထားသင့်သည်။

၃။ ကိုယ်တွေ့ရေးသားရာ၌ ဇာတ်နာအောင် ဇာတ်လမ်းဇာတ်ကွက် ဆင်ခြင်းမျိုး၊ ဝတ္ထုသဖွယ်ရေးသားခြင်းမျိုး ရှောင်သင့်သည်။

၄။ စာတွေ့ရေးရာတွင်လည်း အချက်အလက်များကို ပြွတ်သိပ်မှတ်စုသဖွယ် ရေးသားခြင်းမျိုး ရှောင်သင့်သည်။

၅။ စာတွေ့ခေါင်းစဉ်များကို ရေးသားရာ၌ အထောက်အကူဖြစ်ရန် စာနယ်ဇင်းများမှ ခေါင်းကြီးများ၏ အရေးအသားများကို

mgyoe.com

mgyoe.com


လေ့လာနည်းမှီသင့်သည်။ သို့သော် ကိုယ်ပိုင်ရေးဟန်ဖြစ်အောင် လေ့ကျင့်သင့်သည်။

၆။ ကိုယ်တွေ့ခေါင်းစဉ်များကို ရေးသားရာ၌ အထောက်အကူဖြစ်ရန် ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာတိုက်စိုး၊ ဆရာမင်းယုဝေတို့ရေးသားသော စာတမ်းများကို ရှာဖွေ ဖတ်ရှုလေ့လာနည်းမှီသင့်သည်။ စာစီစာကုံးပြိုင်ပွဲဆုရ စာစီစာကုံးစာအုပ်များတွင်လည်း ရှာဖွေ ဖတ်ရှုလေ့လာနိုင်သည်။

၇။ မည်သည့် ခေါင်းစဉ်မျိုးကိုရေးရေး အသုံးပြုထည့်ဝင်နိုင်ရန် အကိုးအကားများကို ရှာဖွေကျက်မှတ်ထားသင့်သည်။

❑

mgyoe.com

mgyoe.com

# မည်သို့ရေးမည်နည်း

ရေးသားသည့် စာစီစာကုံးနှင့် ပတ်သက်၍ ရရှိသောအကြောင်းအရာ အချက်အလက် စိတ်ကူးအတွေးနှင့် ခံစားမှုတို့ကို စည်းကမ်းတကျ ရေးသားရန်လိုသည်။ အကယ်၍ အကြောင်းအရာ အချက်အလက်နှင့် အတွေးတို့ မည်မျှကောင်းကောင်း အရေးသားတွင် နည်းလမ်းမကျဖြစ်ပါက စာစီစာကုံးသည် စာစီစာကုံးကောင်းတစ်ပုဒ် မဖြစ်နိုင်ချေ။

ထို့ကြောင့် စာစီစာကုံးရေးရာတွင် အောက်ပါစည်းကမ်းများကို လိုက်နာသင့်သည်။

## လက်ရေး

လက်ရေးသည် ပီသရမည်။ သန့်ရှင်းရမည်။ ပီသမှုနှင့် သန့်ရှင်းမှုသည် အရေးကြီးသည်။ ညီညာမှုနှင့် လှပမှုကိုလည်း လိုအပ်ပါ၏။ သို့ရာတွင် အခြေခံ လိုအပ်ချက်မှာ လက်ရေးပီသမှုနှင့် စာရေးရာတွင် သန့်ရှင်းသေသပ်မှုဖြစ်၏။ စာလုံးများကို ပီပီသသရေးပါ။ ဤသို့စနစ်ကျမှုသည် မြန်မာစာပေအပေါ် လေးစားမှုကို ပြရာရောက်သည်။

mgyoe.com

mgyoe.com


## စာလုံးပေါင်းသတ်ပုံ

မမှားသင့်သော စာလုံးပေါင်း သတ်ပုံများကို မမှားသင့်ပါ။ မှားလျှင် အရေးအသား စွမ်းရည်၌ အားနည်းသည်ဟု ဆိုနိုင်သည်။ အောက်ပါ အမှားမျိုးကို ရှောင်ကြဉ်သင့်သည်။

၁။ ကျွန်တော့်သူငယ်ချင်း မောင်မောင်သည် ကျွန်တော်တို့အိမ်၏ မျောက်အရပ်နေကာ သူ၏ ဖခင်မှာ အငြိမ်းစား သစ်တောဝံမင်း ဖြစ်သည်။ (အမှန် = မြောက်အရပ်၊ ဝန်မင်း)

၂။ စာကို 'ကျိုးစား' အားထုတ်ရမည်။
(အမှန် = ကြိုးစား)

၃။ 'ကျမ်းမာ' ရေးကို အထူးဂရုပြုပါ။
(အမှန် = ကျန်းမာ)

၄။ ရှေးခေတ် 'ပန်းကန်' ပြည်ကြီးသည် အလွန်စည်ကားသည်။
(အမှန် = ပုဂံ)

၅။ 'တိရိစ္ဆာန်' ငယ်လေးများကို သနားကြင်နာပါ။
(အမှန် = တိရစ္ဆာန်)

၆။ ဤ 'ပုံသဏ္ဍာန်' ကို လေ့လာပါ။
(အမှန် = ပုံသဏ္ဌာန်)

၇။ မြောက်ဘက်၌ 'သုသာန်' ရှိပါ၏။
(အမှန် = သုသာန်)

၈။ 'ဥပုဒ်' နေ့၌ ရွာဦးကျောင်းသို့ ကျွန်တော်တို့ သွားကြပါမည်။
(အမှန် = ဥပုသ်)

၉။ နန်းတွင်းတွင် 'ဗဟို' စည်တီးသော စင်ကြီးရှိ၏။
(အမှန် = ပဟိုရ်)

၁၀။ ကျောင်းကောင်စီတို့ 'ဂတိ' သစ္စာဆိုကြသည်။
(အမှန် = ကတိ)

၁၁။ မောင်လှတစ်ယောက် ကောင်းရာ 'သုကတိ' သို့ လားပါစေ။
(အမှန် = သုဂတိ)

၁၂။ အချင်းချင်း 'ဂရုဏာ' ထားရပါသည်။ (အမှန် = ကရုဏာ)

mgyoe.com

mgyoe.com


## ဝေါဟာရအသုံးအနှုန်း

ဝေါဟာရ အသုံးအနှုန်းကို တိကျမှန်ကန်အောင်သုံးရမည်။ အဓိပ္ပာယ် သေချာတိကျစွာ မသိသော စကားမျိုးကို မသုံးသင့်ပါ။ အောက်ပါ အမှားမျိုးကို ဆင်ခြင်ရာသည်။

၁။ ရှေးခေတ် ပုဂံပြည်သားတို့သည် သုဝဏ္ဏဘုမ္မိမှ ပင့်ဆောင်လာသော ပိဋ္ဌိသန္ဓေသုံးပုံကို ကိုးကွယ်ခဲ့ကြသည်။
(အမှန် = ပိဋကတ်)

၂။ မိုးဥကျချိန်၌ အိမ်ရှေ့ရှိ စံပယ်ပန်းရုံသည် အနံ့ 'တထောင်းထောင်း' မွှေးကြိုင်လျက်ရှိ၏။
(အမှန် = တသင်းသင်း)

၃။ ဖိုးထူး၏ သတင်းဆိုးသည် တစ်ရွာလုံးတွင် 'ရိုက်နှက်' လျက်ရှိ၏။ (အမှန် = ရိုက်ခတ်)

## ဝါကျရေးဖွဲ့မှု

ဝါကျများကို ရေးသားရာ၌ ရေးထုံးနှင့် ညီညွတ်ရမည်။ သဒ္ဒါစည်းကမ်းများနှင့် ညီညွတ်ရမည်။ ပြေပြေပြစ်ပြစ်၊ မှန်မှန်ကန်ကန်၊ သိပ်သိပ်သည်းသည်း ရေးသားထားသော ဝါကျများဖြစ်ရမည်။ ဤသို့ရေးသားနိုင်ရန် အောက်ပါအချက်များကို လိုက်နာသင့်သည်။

၁။ ဝါကျရှည်များ မရေးပါနှင့်။ ကြိုးများသည် ရှည်လျှင် ရှုပ်တတ်သကဲ့သို့ ဝါကျများသည် ရှည်လျှင် အဓိပ္ပာယ်ရှုပ်တတ်သည်။ အမှားလည်း များနိုင်သည်။ ရေးသော ဝါကျသည် သာမန်အားဖြင့် စာလုံးရေ နှစ်ဆယ်ထက် မကျော်သင့်ပါ။ သို့သော် ရေးသော အကြောင်းအရာကို လိုက်၍ ဝါကျအတိုအရှည် ကွာခြားနိုင်သည်ကို သတိပြုရာ၏။

၂။ သဒ္ဒါစည်းကမ်းနှင့် ရေးထုံးစည်းကမ်းများကို လိုက်နာရမည်။ ကျောင်းသားများသည် အများအားဖြင့် မှ–က၊ ဖြင့်–နှင့်၊ ကို–အားကို အမှားများကြသည်။ အောက်ပါ အမှားမျိုးကို ရှောင်ပါ။

mgyoe.com

mgyoe.com


(၁) သဘာပတိကြီးမှ မိန့်ခွန်းပြောကြားမည်။ (အမှန်=က)
(၂) ရဲစခန်းမှ လူဆိုးများကို ဖမ်းဆီးမိသည်။ (အမှန်=က)
(၃) အမေဈေးက ပြန်လာသည်။ (အမှန်=မှ)
(၄) ကျွန်တော်သည် မန္တလေးသို့ မီးရထားနှင့် သွားမည်။ (အမှန်=ဖြင့်)
(၅) ကလေးကို တုတ်ဖြင့် မရိုက်ပါနှင့်။ (အမှန်=နှင့်)
(၆) ဆရာက မောင်မျိုးမြင့်အား ချီးမွမ်းသည်။ (အမှန်=ကို)
(၇) ဆရာဝန်က လူနာကို ဆေးပေးသည်။ (အမှန်=အား)
(၈) အမေသည် အိမ်ဝမှ စောင့်နေမည်။ (အမှန်=က)

၃။ ဝါကျကို ကျစ်ကျစ်လျစ်လျစ် ရေးပါ။ မလိုသောစကား လုံးထပ် လုံးညှပ်တို့ကို ဖြုတ်ပစ်ရပါမည်။

၄။ ဝါကျတွင် စကားများကို နေရာတကျ ရေးသားရသည်။

၅။ ဝါကျထဲတွင် ဗန်းစကား၊ အင်္ဂလိပ်စကား၊ နိုင်ငံခြားစကားတို့ကို ထည့်မရေးရပါ။

၆။ စကားပြောဟန်ဖြင့် မရေးရပါ။

၇။ ကာရန်ဖြင့် မရေးရပါ။

၈။ ကဗျာဆန်သော အရေးအသားမျိုးကို ရှောင်ပါ။

၉။ ဝတ္ထုပုံစံဖြင့် မရေးရပါ။

၁၀။ ဝါကျများကို ရေးရာ၌ ရေးသောအကြောင်းအရာ၏ အသံကို ကြားယောင်လာအောင်၊ လှုပ်ရှားမှုကို မြင်ယောင်လာအောင် သရုပ်ဖော်ရေးသားတတ်ရန် လေ့ကျင့်သင့်ပါသည်။ အောက်ပါ ဥပမာများကို လေ့လာကြည့်ပါ။

(၁) (က) အပြင်ဘက်၌ ဥသြငှက်သံကို ကြားရ၏။
(ခ) အပြင်ဘက်၌ ဥသြ ဥသြဟူသော ဥသြငှက်၏ တွန်ကျူးသံကို ကြားရ၏။

၂။ (က) စပါးပင်ပျိုတို့ လှုပ်ရှားနေကြ၏။
(ခ) စပါးပင်ပျိုတို့သည် ယိမ်းသမများကဲ့သို့ လှုပ်ရှား ယိမ်းကနေကြ၏။

mgyoe.com

mgyoe.com


၃။ (က) လေကြမ်းကြီး တိုက်လျက်ရှိ၏။
(ခ) လေကြမ်းကြီးသည် တဝေါဝေါ တိုက်လျက်ရှိ၏ ။

၄။ (က) အဝေး၌ သဲသောင်နှင့်တောခြေကို မြင်မိ၏။
(ခ) အဝေး၌ သဲသောင်ဖွေးဖွေးနှင့် မြူခိုးဝေသော တောခြေကို မြင်မိ၏။

၅။ (က) ပုရစ်ဖူးများ အစိမ်းရောင်ရှိ၏။
(ခ) ပုရစ်ဖူးများကား မြစိမ်းရောင် တောက်လျက်ရှိ၏ ။

၆။ (က) လင်းတအိုတို့သည် မြေပုံအနီးတွင် နေတတ်ကြ၏ ။
(ခ) ရွတ်တွတွ တွဲလျားကျသော ပါးပျဉ်းတို့ဖြင့် လင်းတအိုတို့သည် မြေပုံအနီးတွင် ငုတ်တုတ်ကြီး နေတတ်ကြသည်။

၇။ (က) သတင်းဆိုးကိုကြားလျှင် ကျွန်ုပ်၏ ရင်သည် တုန်လှုပ်မိသည်။
(ခ) သတင်းဆိုးကို ကြားလျှင် ကျွန်ုပ်၏ ရင်သည် ဆတ်ဆတ်ခါမျှ တုန်လှုပ်မိသည်။

## စာပိုဒ်ဖွဲ့စည်းမှု

စာပိုဒ်တစ်ခုသည် ဆိုလိုချက်တစ်ခုကို ဝါကျဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထို့ကြောင့် စာပိုဒ်တစ်ပိုဒ်တွင် ဝါကျကြောင်းရေ မည်မျှ ပါဝင်သင့်သည်ဟူ၍ သတ်မှတ်ရန် ခဲယဉ်းသည်။ မိမိရေးလိုသောအချက်ပေါ်လွင်စေလောက်သော ဝါကျအရေအတွက်ဖြင့် ဖွဲ့စည်းနိုင်သည်။ သို့သော် စာစီစာကုံးတွင် သုံးသော စာတစ်ပိုဒ်သည် ဝါကျကြောင်းရေ ၁၀ ကြောင်းထက်မများ၊ ဝါကျသုံးကြောင်းထက် မနည်းစေသင့်ဟု သဘောရသည်။

❑

mgyoe.com

mgyoe.com

# နမူနာပြစာစီစာကုံးများ

## ခါနွေဆန်း

ဥသြငှက်ကလေး၏ ဥသြ ဥသြဟူသော တွန်ကျူးသံကို ကြားရ၍ ကျွန်ုပ်သည် အပြင်သို့ မျှော်ကြည့်မိပါသည်။ အပြင်ဘက်၌ ရွက်ခြောက်ရွက်ဝါများ တဖွဲဖွဲ ကြွေကျနေသည်ကို မြင်ရပါ၏။ မြပုရစ်ဖူးလေးများ စိမ်းလန်းနေသည်ကို တွေ့ရပါ၏။ အဝေး၌ မြူခိုးတို့ဝေလျက်ရှိသည်။ ခါနွေဆန်းပင် ရောက်ခဲ့ပြန်ပါပြီ။

ရွာလယ်လမ်းတွင် ထင်းသယ်သည့်လှည်း၊ ဝါးသယ်သည့်လှည်းနှင့် စပါးသယ်သည့် လှည်းတို့ အသံတကျည်ကျည်ဖြင့် မောင်းနှင်နေသံကို ကြားရ၏။ ရွာလယ်ပိုင်းက ရက်ကန်းရက်သံနှင့် စပါးကြိတ်ထိုးသံတို့ကို ကြားရ၏။ မလေး မသင်ဇာ စပါးကြိတ်ထိုးရင်း သီဆိုသော နွေဦးဘွဲ့ အလွမ်းတေးသံကို ကျွန်ုပ်တို့ ကြားရပါ၏။ မှန်ပါပေ၏။ ခါနွေဆန်းကား လွမ်းဖွယ်ကောင်းလေစွ။

တစ်ရွာလုံးရှိ အပင်တို့ကား ရွက်ဟောင်းခြွေချ၍ ရွက်သစ်ဝေစပြုပြီ။ ပင်ခြေ၌ ရွက်ဝါရွက်ဟောင်းတို့ တဝင်းဝင်း။ ပင်ပေါ်၌ ရွက်သစ်ရွက်နုတို့ တစိမ်းစိမ်း။ ဤသို့သော ရှုမောဖွယ်မြင်ကွင်းကိုကြည့်ရင်း ဆရာမင်းသုဝဏ်၏ 'ခါနွေဆန်းတော့ လွမ်းမိတယ်' ကဗျာထဲမှ 'ဆန်းစခါနွေ သာတပေါင်းမို့

mgyoe.com

mgyoe.com


ညှာညောင်းကြွေ' ဟူသော စာသားကိုပင် ကျွန်ုပ်ရွတ်ဆိုမိပါ၏။ လယ်ကွင်းများထဲတွင် ရိုးပြတ်တို့ကို မြင်ရ၏။ တလင်းများထဲတွင် စပါးများ တောင်လိုပုံ၍ နေကြပြီ။ ကျွန်ုပ်တို့ ကျေးဇူးရှင် လယ်သမားကြီးများ တစ်မိုးတွင်းလုံး၊ တစ်ဆောင်းတွင်းလုံး ကျခဲ့သော ချွေးတို့သည် ယခုအခါ ရွှေသားရွှေစ ဝင်းဝင်းပခဲ့ကြပေပြီ။ ဝမ်းမြောက်ဖွယ်ကောင်းလေစွ။

ရွာဦးရှိ ကပ်ကျော် ကိုးတောင်ပြည့်ဘုရားတွင် ပွဲတော်ပြုလုပ်ရန် ရွာထဲက ရပ်မိရပ်ဖတို့ စီစဉ်ပြင်ဆင်လျက်ရှိ၏။ ဘုရားပွဲကျင်းပမည့် အချိန်ကား ကျောင်းသားများ စာမေးပွဲပြီးသည့်အချိန်နှင့် တိုက်မည်ဟု သိရ၏။ ထို့ကြောင့် ကျောင်းသားလူငယ်တို့ ပျော်ရွှင်နေကြလေ၏။ ဘုရားပွဲတွင် ခိုင်ပန်းစုံ ရုပ်သေးပွဲကပြမည်ဟု သိရ၍ ပို၍ဝမ်းသာနေကြလေ၏။

ကျွန်ုပ်တို့ ရွာသူရွာသားများသည် ခါနွေဆန်းချိန်တွင်လည်း နားမနေကြ။ တလှုပ်လှုပ် တရွရွဖြင့် အလုပ်နှင့် လက်ပြတ်သည်ဟူ၍မရှိ။ ဝါးခုတ်သူခုတ်၊ ထင်းရှာသူရှာ၊ စပါးကျီပြင်သူပြင်၊ စပါးကြိတ်ထိုးသူထိုး၊ အိမ်ပြင်သူပြင်နှင့် အလုပ်များနေကြကုန်၏။ စာမေးပွဲဖြေဆိုပြီးသော သူငယ်များကား သင်္ကန်းဆီးရန် ရွာဦးဘုန်းတော်ကြီးကျောင်းသို့သွား၍ သင်္ကန်းတောင်းစာတို့ကို ကျက်မှတ်နေရကုန်၏။

ကျွန်ုပ်ကား အတန်းတင်စာမေးပွဲကို မကြာမီ ဖြေဆိုရပေတော့အံ့။ စာကြည့်စားပွဲ၌ ထိုင်ရင်း နွေဦးအလှကို သတိပြုနေမိခြင်းဖြစ်ပါ၏။ ထိုအခိုက် အိမ်ခေါင်းရင်းမှ ဥသြကလေး၏ ဥသြဥသြဟူ၍ အော်မြည်သံကို တစ်ခါကြားလိုက်ရပြန်ပါ၏။

ထို 'ဥသြဥသြ' ဟူသော အသံက ကျွန်ုပ်၏နားထဲတွင် 'အောင်ပွဲ' 'အောင်ပွဲ' ဟု ကြားယောင်မိသဖြင့် အားတက်ရွှင်လန်းမိပါသည်။ ကျွန်ုပ်အား အားတက်ရွှင်လန်းစေသော ခါနွေဆန်း၏ တမန်တော် ဥသြငှက်လေးကို ကျွန်ုပ်သည် ကျေးဇူးတင်ရင်း စာကြည့်စားပွဲ၌ ကျွန်ုပ်သည် ဆက်၍ စာပေများကို ဖတ်ရှုလေ့လာလျက် ရှိပါတော့၏။

အပြင်ဘက်၌ကား ရွက်ခြောက်တို့ တဝဲဝဲကြွေ၍ ဥသြငှက်လေးကလည်း တချွဲချွဲ တွန်ကျူးဆဲပင် ဖြစ်ပါသတည်း။

❑

mgyoe.com

mgyoe.com

# တို့ပြည်ထောင်စု

ကမ္ဘာမြေပုံကြီးပေါ်၌ ကျွန်ုပ်တို့၏ သေးငယ်လှသော ပြည်ထောင်စုကို မြင်ရသောအခါ ကျွန်ုပ်တို့၏ ရင်ထဲ၌ နွေးထွေးသွားရမြဲ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ ပြည်ထောင်စုသည် ကျွန်ုပ်တို့ တိုင်းရင်းသားအပေါင်း၏ အသက်သဖွယ် မြတ်နိုးရသည့် အမိဖြစ်သောကြောင့်ပင်တည်း။

ကျွန်ုပ်တို့၏ ပြည်ထောင်စုကား ကျွန်ုပ်တို့အားလုံး၏ မှီခိုလဲလျောင်းရာ ဖြစ်ပါသည်။ ကျွန်ုပ်တို့ပြည်ထောင်စု၌ အလှအပများဖြင့် ကြွယ်ဝနေပါသည်။ ကျွန်ုပ်တို့ ပြည်ထောင်စု၌ အလှသုံးပါးဖြင့် တင့်တယ်နေသည်ဟု ဆိုနိုင်ပါ၏။

ပထမ အလှကား ပြည်ထောင်စု ရေမြေတောတောင် သဘာဝ၏ အလှပင် ဖြစ်ပါ၏။ ကြည့်ပါ။ မေခနှင့် မလိခ ပေါင်းဆုံဖြစ်ပေါ်လာသော ဧရာဝတီသည် ကျွန်ုပ်တို့နိုင်ငံ၏ နှလုံးသားပင် ဖြစ်ပါတော့သည်။ ရေကြည် တဖွေးဖွေးနှင့် တသွင်သွင် စီးဆင်းနေသော ဧရာဝတီ၏ တေးသံသည် ကျွန်ုပ်တို့ ပြည်ထောင်စုအတွက် မင်္ဂလာတေးသံပင် မဟုတ်ပါလော။ ထို့

mgyoe.com

mgyoe.com

အတူ လယ်ကွင်းများ၊ တောင်ရိုးများနှင့် သစ်တောညိုညိုများကို ဖြတ်သန်း၍ ရစ်ခွေစီးဆင်းနေသော သံလွင်၊ စစ်တောင်း၊ ချင်းတွင်း၊ ဒုဋ္ဌဝတီစသည့် မြစ်ချောင်းများမှာလည်း ပြည်ထောင်စုကို အလှဆင်လျက် ရှိပါ၏။

ထို့အပြင် မြူနှင်းများဝေနေသော တောင်တန်းအသွယ်သွယ်သည် ပြည်ထောင်စုကြီးအား ကာကွယ်စောင့်ရှောက်သည့်ပမာ ရပ်တည်လျက်ရှိ၏။ ထင်းရှူးတော၊ ကျွန်းတော၊ ပိတောက်တော စသည့် အဖိုးတန် သစ်တောတို့တွင်လည်း ကျေးငှက်တို့ ချိုအေး၍နေ၏။ ပြည်ထောင်စု၏ ကမ်းရိုးတန်းကို ပင်လယ်ပြာပြာ လှိုင်းပြာပြာသည် ရစ်သန်းလျက်ရှိ၏။ ပြည်ထောင်စု နေရာအနှံ့အပြားတွင် ပန်းတို့သည် ရာသီအလိုက် ပွင့်ဝေထုံသင်း၍ နေပါ၏။ သို့ဖြစ်၍ ပြည်ထောင်စု၏ ရေမြေတောတောင် သဘာဝအလှတို့အတွက် ဝမ်းမြောက်ဂုဏ်ယူမဆုံးအောင် ဖြစ်ရပါတော့၏။

ပြည်ထောင်စု၏ ဒုတိယအလှမှာ ပြည်ထောင်စုတိုင်းရင်းသားများ၏ ယဉ်ကျေးမှုအလှဖြစ်ပါ၏။ ယဉ်ကျေးမှုတွင် ဝတ်စားဆင်ယင်ပုံ၊ ပြောဆိုသုံးစွဲသည့် စကားနှင့် စာ၊ ဓလေ့စရိုက် ထုံးစံများ၊ ဂီတ၊ အကစသော အနုပညာများ ပါဝင်သည်။ တိုင်းရင်းသားအသီးသီးတွင် မိမိတို့ အစဉ်အဆက် လက်ခံသုံးစွဲသော ဝတ်စားဆင်ယင်မှုရှိသည်။ စကားနှင့်စာရှိသည်။ ဓလေ့စရိုက်ထုံးစံများရှိသည်။ ဂီတ၊ အကစသော အနုပညာများရှိသည်။ ရေမြေကို လိုက်၍ ကွဲပြားခြားနားတတ်သော်လည်း ကျွန်ုပ်တို့သည် တစ်ဦး၏ ယဉ်ကျေးမှုကို တစ်ဦးက လေးစားကြသည်။ နားလည်ကြသည်။ တန်ဖိုးထားကြသည်။

ကချင်အမျိုးသားတို့၏ မနောအက၊ ကယားအမျိုးသားတို့၏ ဖားစည်အက၊ ကရင်အမျိုးသားတို့၏ ဒုံးယိမ်းအက၊ ချင်းအမျိုးသားတို့၏ စစ်ရေးပြအက၊ မြန်မာအမျိုးသားတို့၏ ဦးရွှေရိုးအက၊ မွန်အမျိုးသားတို့၏ နှစ်ပါးသွားအက၊ ရခိုင်အမျိုးသားတို့၏ ရထားပန်းယိုင်အက၊ ရှမ်းအမျိုးသားတို့၏ ကိန္နရာအက စသည်ဖြင့် တိုင်းရင်းသားအသီးသီး၏ ရိုးရာအကများမှာ လှပတင့်တယ်ပါ၏။ ဤသို့သော ပြည်ထောင်စုသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို တိုင်းရင်းသားအချင်းချင်း လေးစားကြရပါမည်။ မြတ်နိုးစွာ စောင့်ရှောက်ထိန်းသိမ်းရပါမည်။

mgyoe.com

mgyoe.com


ပြည်ထောင်စု၏ တတိယအလှမှာ ပြည်ထောင်စု စိတ်ဓာတ်အလှပင် ဖြစ်ပါ၏။ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ စိတ်ဓာတ်အလှပင် ဖြစ်ပါ၏။ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုသား အချင်းချင်း၏ ချစ်ခင်ရင်းနှီးစိတ်၊ တစ်ဦးပေါ်တစ်ဦး လေးစားစိတ်၊ အချင်းချင်း ကူညီစောင့်ရှောက်စိတ်၊ စည်းလုံးညီညွတ်စိတ်ပင် ဖြစ်ပါ၏။ ဤရေမြေ၊ ဤတောင်တို့၌ ကျွန်ုပ်တို့၏ တိုင်းရင်းသားအပေါင်းသည် သမိုင်းအစဉ်အဆက် အတူတူနေထိုင်ခဲ့ကြ၏။

ကမ္ဘာက အသိအမှတ်ပြု၍ လေးစားလောက်သော ယဉ်ကျေးမှုများကို အတူတူ ဖန်တီးနိုင်ခဲ့ကြ၏။ ပြည်ထောင်စုသားတို့သည် တစ်ဦးအားငယ်လျှင် အားလုံးစောင့်ရှောက်ကြ၏။ တစ်ဦးမှာ ဝမ်းသာစရာရှိလျှင် အားလုံးက ဝမ်းမြောက်ကြ၏။ 'ဆင်းရဲတော့ ကရုဏာ၊ ချမ်းသာတော့ ပီတိ' ဟူသော စိတ်ဓာတ်ဖြင့် အချင်းချင်း ချစ်ခင်ခဲ့ကြ၏။ တစ်မြေတည်းနေ တစ်ရေတည်း သောက်၍ အေးအတူ ပူအမျှ နေခဲ့ကြ၏။

၁၈၈၅ ခုနှစ်တွင် တစ်နိုင်ငံလုံး လွတ်လပ်ရေးဆုံးရှုံးသည့်အခါမှစ၍ တိုင်းရင်းသားတို့သည် နယ်ချဲ့ကို စုပေါင်း၍ ခေါင်းခံတော်လှန်ခဲ့၏။ ဖက်ဆစ်ကိုလည်း စုပေါင်း၍ ခေါင်းခံတော်လှန်ခဲ့၏။ ယနေ့ ကျွန်ုပ်တို့ ဦးခေါင်းထက်၌ လွင့်ပျံ့နေသော နိုင်ငံတော်အလံသည် တိုင်းရင်းသားအပေါင်း၏ စုစည်းညီညွတ်မှုနှင့် သူရသတ္တိကို ဖော်ပြလျက်ရှိသည်။ တိုင်းရင်းသားတို့၏ လက်တွဲမဖြုတ်စတမ်း နေထိုင်ကြသော စည်းလုံးညီညွတ်မှုသည် ပြည်ထောင်စု၏ အလှတစ်ပါးပင်တည်း။

ဤသို့လျှင် ရေမြေတောတောင် သဘာဝအလှ၊ ယဉ်ကျေးမှုအလှနှင့် ပြည်ထောင်စု စိတ်ဓာတ်အလှဟူသော အလှသုံးပါးဖြင့် ကျွန်ုပ်တို့၏ ပြည်ထောင်စုကြီးကား တင့်တယ်ပေစွ။ မင်္ဂလာကျက်သရေအပေါင်းဖြင့် ပြည့်စုံပေစွ။ ဤအလှ သုံးပါးဖြင့် တင့်တယ်သော ပြည်ထောင်စုကြီး၏ ဖွံ့ဖြိုးရေးအတွက် ကျွန်ုပ်တို့ ပြည်ထောင်စုသားများကပင် တာဝန်ယူရမည် မဟုတ်ပါလော။

ပြည်ထောင်စုကြီး၏ ဖွံ့ဖြိုးမှုကို ဆောင်ရွက်ရန် ကျွန်ုပ်တို့၏ ပခုံးထက်၌ တာဝန်ကျရောက်လျက်ရှိပေသည်။ ယနေ့ ပြည်ထောင်စုကြီး၏

mgyoe.com

mgyoe.com


စီးပွားရေး စီမံကိန်းများ အောင်မြင်ရန် ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်းလုပ်ဆောင်ကြရပေမည်။ ကျွန်ုပ်တို့၏ ပြည်ထောင်စုသည် ကျွန်ုပ်တို့၏ အမိလည်းဖြစ်၏။ ကျွန်ုပ်တို့၏ ဘဝလည်းဖြစ်၏။ ကျွန်ုပ်တို့၏ မျှော်လင့်ချက်လည်းဖြစ်၏။ ကျွန်ုပ်တို့၏ အနာဂတ်လည်း ဖြစ်၏။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ ပြည်ထောင်စု၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အားသစ်အင်သစ်ဖြင့် နိုးကြားတက်ကြွစွာ ပါဝင်ကြရန် နှိုးဆော်လိုက်ရပေသတည်း။

❑

mgyoe.com

mgyoe.com

# ရိုးရာသင်္ကြန်ပွဲတော်

ကျွန်ုပ်တို့ အိမ်ခေါင်းရင်းရှိ ပိတောက်ပင်အိုမှ ရွှေဝါရောင် ပိတောက်ပန်းရနံ့သည် တစ်လမ်းလုံးကို ပျံ့နှံ့လျက်ရှိ၏။ ပိတောက်များ တစ်ရပ်ရွာလုံး ရွှေဝါရောင်ဖုံးအောင် ပွင့်နေပြီ။ သံချပ်သံ၊ ဒိုးပတ်သံတို့ကို ကြားရပြီ။ ကျွန်ုပ်တို့ အချိန်ကြာညောင်းစွာ စောင့်ကြိုခဲ့ရသော သင်္ကြန်ပွဲတော်ကား ကျရောက်ခဲ့ပေပြီ။

ရပ်ထဲရွာထဲ၌ သင်္ကြန်ပွဲတော်၏ လှုပ်ရှားမှုများကို မြင်ရ၏။ လေလေ လေလားမောင်တို့၊ မိုး မိုး မိုးလားမောင်တို့ဟူသော သံချပ်သံ တခြိမ့်ခြိမ့် ကြားရပါသည်။ နှစ်ဦး ဒါနပြုရင်း ဒိုးပတ်သံ တခြိမ့်ခြိမ့်ဖြင့် ရပ်ထဲရွာထဲ လှည့်၍ အလှူခံသည်ကို မြင်ရသောအခါ လွမ်းစရာပင် ကောင်းလှပါသည်။

ကျွန်ုပ်တို့နိုင်ငံ၌ ရိုးရာပွဲတော်များစွာ ရှိပါသည်။ ဤသို့သော ယဉ်ကျေးမှု ပွဲတော်များအနက် နှစ်သစ်ကို ကြိုဆိုသည့် သင်္ကြန်ပွဲတော်သည် ထူးခြားသည့်ပွဲတော်ဖြစ်ပါသည်။ အပေါင်းတို့ ချုပ်ငြိမ်း၍ အသစ်ဝေဆာသော ကာလဖြစ်၍ မင်္ဂလာရှိသော ပွဲတော်ခါလည်း ဖြစ်ပါသည်။

ရိုးရာသင်္ကြန်ပွဲတော်၌ ပိတောက်ပန်းတို့ ထိန်အောင်ပွင့်တော့သည်။

mgyoe.com

mgyoe.com


သူ့ခေါင်းမှာလည်း ပိတောက်၊ ကိုယ့်ခေါင်းမှာလည်း ပိတောက်၊ ဧည့်ခန်းထဲမှာလည်း ပိတောက်၊ ဘုရားခြေတော်ရင်း၌လည်း ပိတောက်၊ တစ်နိုင်ငံလုံးလည်း ဝင်းဝင်းထိန်၍ ထုံထုံသင်းနေပေသည်။ တစ်နိုင်ငံလုံး၌ သင်္ကြန်ပွဲတော်တွင်းတွင် သာခုခေါ်သံ၊ အမြူဝေသံ၊ စည်သံ ဗြောသံတို့ဖြင့် ပွဲတင်ထပ်နေပေသည်။ ကျွန်ုပ်တို့ လူငယ်များလည်း ဆရာမိဘ သက်ကြီးရွယ်အိုများ၏ခြေရင်း၌ ဝပ်စင်းရောက်ရှိ၍ ကန်တော့ကြပေသည်။ ဆရာမိဘသက်ကြီးများကလည်း ငယ်သူတို့၏ ဒေါသများ၊ မာနများကို ခွင့်လွှတ်ကြသဖြင့် ကျွန်ုပ်တို့ လူငယ်များမှာ ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးကဲ့သို့ နူးညံ့သိမ်မွေ့ခဲ့ကြလေသည်။

ရပ်ထဲရွာထဲ၌ နွားလွှတ်ပွဲ၊ ငါးလွှတ်ပွဲများသည် မြန်မာအမျိုးသားတို့၏ စေတနာမြင့်မြတ်ပုံကို ထင်ရှားစေလေသည်။ တစ်ဦးကိုတစ်ဦး အေးမြသော အတာရေစင်ဖြင့် ဖျန်းပက်မှုသည်လည်း အချင်းချင်းထားရှိသော မေတ္တာကရုဏာ၏ သန့်စင်ပုံကို ဖော်ပြလျက် ရှိပေသည်။ သို့ဖြစ်၍ ရိုးရာသင်္ကြန်ပွဲတော်ခါသည် မြင့်မြတ်ထူးခြားသော ပွဲတော်ပင် ဖြစ်သည်။

သင်္ကြန်ပွဲတော်ကား ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို လက်ခံထိန်းသိမ်းရမည့် ပွဲတော်ဖြစ်ပေသည်။ သို့သော် ကြေကွဲစရာကောင်းသည်ကိုလည်း မြင်မိပါသေး၏။ ကျွန်ုပ်၏ အိမ်ရှေ့၌ နှစ်စဉ်နှစ်တိုင်း တောင်ရှည်ပုဆိုး တကြွကြွ၊ ပုသိမ်ထီးတမမ၊ နှုတ်ခမ်းမွေး တသသဖြင့်လာ၍ ကလေ့ရှိသော ဦးရွှေရိုးကား အဘယ်သို့ ပျောက်သွားခဲ့ပါပြီနည်း။ ဝိုင်း၍ ရှာပေးကြပါဘိ။ ဦးရွှေရိုးနေရာ၌ အကျီကွက်ကျား၊ ခေါင်းမွေးစုတ်ဖွားနှင့် သူရုပ်ပျက်လူငယ်တို့၏ ကော့ကန်ကား အကများကို တွေ့ရပါတော့သည်။ ဝမ်းနည်းဖွယ် ကောင်းလေစွ။ သင်္ကြန်ပွဲတော်အတွင်း၌ ဆဲကြ၊ ရိုက်ကြ၊ ဆူကြ၊ ပုတ်ကြနှင့် စည်းကမ်းပျက်မှု အချို့ကိုတွေ့ရတတ်ပါသေး၏။ ကြေကွဲဖွယ်ကောင်းလေစွ။

ယခု ဆင်နွှဲသည့် သင်္ကြန်ပွဲတော်ကား ရိုးရာယဉ်ကျေးမှုပွဲတော် စစ်စစ်ဖြစ်ရန် ကျွန်ုပ်တို့အားထုတ်သင့်ကြပေသည်။ လမ်းပေါ်၌ ဦးရွှေရိုးအကကို မြင်လိုပါသေးသည်။ သပြေခက်နှင့် ရေပက်လေ့ရှိသည့် ယဉ်ကျေးသော အမူအရာကို မြင်လိုပါသေးသည်။ ကမ္ဘာ၌ ထင်ရှားခဲ့သော မြန်မာ့

mgyoe.com

mgyoe.com


စိတ်နှလုံးကို ပြန်၍ပြသချင်ပါသေးသည်။

ရိုးရာယဉ်ကျေးမှုကို စောင့်ရှောက်ခြင်းသည် အမျိုးသားလွတ်လပ်ရေးကို ထိန်းသိမ်းခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ ရိုးရာပွဲတော်များသည် နူးညံ့သိမ်မွေ့သည်။ ယဉ်ကျေးသည်။ မြန်မာလူမျိုးတို့၏ စိတ်နှလုံး စင်ကြယ်မှု၊ ရိုးသားမှု၊ မာန်မာနကင်းမှုတို့ကို ပြသသည်။ ထို့ကြောင့် လူငယ်တို့က ဤရိုးရာပွဲတော်များကို မြတ်နိုးစွာ ပါဝင်ဆင်နွှဲသင့်သည်။

မြန်မာ့ရေမြေ၌ ဤရွှေပိတောက်တို့သည် ကမ္ဘာတည်သရွေ့ ဖူးပွင့်ဝေဆာနိုင်ပါစေသတည်း။ ပိတောက်နှင့်အတူ ရိုးရာသင်္ကြန်ပွဲတော်ကိုလည်း နှစ်သစ်ကို ကြိုလျက် ဆင်နွှဲနိုင်ကြပါစေသတည်း။ နှစ်သစ်သည်လည်း ကျွန်ုပ်တို့အတွက် မင်္ဂလာတရားအပေါင်းကို သယ်ဆောင်ပေးအပ်နိုင်ပါစေသတည်း။

❑

mgyoe.com